# လက်နက်ကိုင်တိုက်ခိုက်မှုများ ရပ်တန့်၍ ပဋိပက္ခများချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရန် ဆက်လက်တွေ့ဆုံ ဆွေးနွေးဖော်ဆောင်

နေပြည်တော် ဒီဇင်ဘာ ၁၃

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယနေ့တွင် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။ အဆိုပါ သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ထုတ်ပြန်ချက်

၁။ ကချင်ပြည်နယ်တွင် ၂၀၁၁ ခုနှစ် ဇွန်လဆန်းမှစ၍ လက်နက်ကိုင် ပဋိပက္ခကြောင့် ရပ်ရွာစွန့်ခွာတိမ်းရှောင်လာသော ပြည်သူများအား ကချင်ပြည်နယ်အစိုးရ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် လူမှုရေးထောက်ပံ့ကူညီမှုပေးထားသော စခန်းများနှင့် နယ်မြေအခြေအနေကိုသိရှိနိုင်ရန်နှင့် အကူအညီပေးရန် လိုအပ်မှုအခြေအနေ သိရှိနိုင်ရန်အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင်အတွင်းရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်လေးဦးသည် (၈-၁၂-၂၀၁၁) မှ (၁၀-၁၂-၂၀၁၁) အထိ ကချင်ပြည်နယ်သို့ သွားရောက်ခဲ့ပါသည်။

၂။ ယင်းအဖွဲ့သည် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်မြို့နယ်များသို့ သွားရောက်ကာ သက်ဆိုင်ရာ တာဝန်ရှိသူများအပြင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများနှင့် မြစ်ကြီးနားမြို့ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ သက်ဆိုင်ရာ ကာယကံရှင်များနှင့် တွေ့ဆုံမေးမြန်းမှုများကို ပြုလုပ်နိုင်ခဲ့ပါသည်။ ရပ်ရွာစွန့်ခွာတိမ်းရှောင်လာသူ(၁၄၁၁၃) ဦးအား ကချင်ပြည်နယ်တွင်းရှိ မြို့နယ် (၁၁) မြို့နယ်၏ စခန်းပေါင်း (၅၉) ခု၌ ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် စောင့်ရှောက်ထားကြောင်း သိရှိရပါသည်။ မြို့နယ် (၁၀) ခုမှ ကျောင်းသားပေါင်း (၇၈၇၂) ဦး ပညာသင်ကြားနေသည့် စာသင်ကျောင်းပေါင်း (၅၁) ကျောင်းကို ပိတ်ထားခဲ့ရရာ ယင်းကျောင်းသားများအနက် စခန်းများသို့ ရောက်ရှိလာကြသော ကျောင်းသူ ကျောင်းသားမှန်သမျှကို ပညာ ဆက်လက်သင်ယူနိုင်ရန် ပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်ပေးနေကြောင်း တွေ့ရှိရပါသည်။ ပညာသင်ယူနေသူ ကျောင်းသူ ကျောင်းသား ဦးရေမှာ (၃၁၅၃) ဦး ဖြစ်ပါသည်။

၃။ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ စနစ်တကျ ညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် အစိုးရဌာနများ၊ ပြည်တွင်း လူမှုအဖွဲ့အစည်းများ အပါအဝင်၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ လူမှုရေးအထောက်အပံ့ပစ္စည်းများကို ခွဲဝေပေးနိုင်သဖြင့် စခန်းရှိ ပြည်သူများ၏ နိစ္စဓူဝအခြေခံလိုအပ်ချက်များ ဖြည့်ဆည်းနိုင်သည်ကို တွေ့ရသော်လည်း ဆောင်းရာသီရောက်လာသဖြင့် အအေး ဒဏ်ကာကွယ်နိုင်ရန် စောင်နှင့်အနွေးထည်များ လိုအပ်မှုရှိနေသေးသည်ကို တွေ့ရပါသည်။ ယာယီတဲတန်းလျားများတွင် အိမ်ထောင်စုများ အတူရောပြွမ်းနေထိုင်ရသဖြင့် အထူးသဖြင့် ကလေးငယ်ရှိသော မိသားစုများ အခက်အခဲကြုံတွေ့လျက် ရှိနေကြပါသည်။ တစ်ဦးချင်း မေးမြန်းချက်အရ သိရှိရသည်မှာ အားလုံးလိုလို မိမိတို့နေရပ်ဒေသသို့ ပြန်လိုကြသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် ကလေးငယ်များ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုရရှိကြပြီး သက်ကြီးပိုင်းတွင်လည်း မိမိကိုယ်ကို မိမိ ယုံကြည်မှုလျော့နည်းလာပြီး စိတ်လုံခြုံမှုမရှိသည့်ခံစားချက်များ ရှိနေကြကြောင်းကို သိရှိရပါသည်။

၄။ ထို့အပြင် လိုင်ဇာဘက်ခြမ်းတွင် ရောက်ရှိနေသော ရပ်ရွာစွန့်ခွာတိမ်းရှောင်နေသူများအတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ကချင်ပြည်နယ်အစိုးရ၊ ကုလသမ ဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှလှူဒါန်း သော လူမှုအထောက်အကူပစ္စည်းများ ဗန်းမော်မြို့မှ လိုင်ဇာဘက်သို့ ပို့နိုင်ရေးအတွက် ကော်မရှင်မှ သက်ဆိုင်ရာများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူမှုရေးအကူအညီများ ပေးအပ်ရေးကိစ္စတွင် အလားတူ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

၅။ ကော်မရှင်မှ အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည်-

(က) ကချင်ပြည်နယ်အစိုးရအနေဖြင့် ရပ်ရွာစွန့်ခွာ တိမ်းရှောင်လာသော ပြည်သူများအနက် လက်လှမ်းမီသောဒေသ များရှိ ပြည်သူ (၁၄၀၀၀)ကျော်၏ အခြေခံလိုအပ်ချက်များရရှိအောင် ကောင်းစွာ ကူညီစောင့်ရှောက်ထားခြင်းအား ကော်မရှင်က အသိအမှတ်ပြုပါသည်။

(ခ) ပြည်နယ်အစိုးရသည် အစိုးရဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပရဟိတအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများကို စနစ်တကျ စီမံခန့်ခွဲ၍ ထိရောက်မှုရှိရေး၊ လေလွင့် ဆုံးရှုံးမှုမရှိရေးတို့အား အလေးအနက်ထား တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့်အတွက်လည်း ကော်မရှင်အနေ ဖြင့် နှစ်ထောင်းအားရဖြစ်မိပါသည်။

(ဂ) တိမ်းရှောင်ရောက်ရှိလာသော မိသားစုဝင်များ၏ အခြေခံပညာသင်ယူနေသည့် ကလေးငယ်များအားလုံး ၎င်းတို့ သင်ယူနေဆဲ အခြေခံပညာအတန်းများတွင် ပညာဆက်လက်သင်ယူရန် ဆောင်ရွက်ပေးမှုကိုလည်း လေ့လာသိရှိခွင့် ရရှိခဲ့ပြီး ကြည်နူးဝမ်းမြောက်စွာ ခံစားမိပါသည်။

(ဃ) ယင်းသို့ရောက်ရှိလာသော မိသားစုများ၏ အခြေခံကျန်းမာရေးကို စောင့်ရှောက်ပေးရုံသာမက ဆေးရုံတက်ရောက် ကုသနေရသော မကျန်းမာသူများ၊ မြေမြှုပ်မိုင်းထိမှန်သူအပါအဝင် ဒဏ်ရာရသူများ စုစုပေါင်း (၁၇၇)ယောက်အား အသေအပျောက်မရှိ အခမဲ့စောင့်ရှောက်ကုသပေးနိုင်ခဲ့ခြင်းကို အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါသည်။ အပြစ်မဲ့ ပြည်သူများကို ထိခိုက်အနာတရဖြစ်စေသော မြေမြှုပ်မိုင်းအသုံးပြုမှုကို ရှောင်ရှားကြရန်လည်း တိုက်တွန်းအပ်ပါသည်။

(င) ၎င်းဒေသအတွင်း တိုက်ပွဲများစတင်ဖြစ်ပွားသော ဇွန်လ (၉)ရက်နေ့မှ ဒီဇင်ဘာလ (၉)ရက်နေ့အထိ ရပ်ရွာစွန့်ခွာ တိမ်းရှောင်လာသူ မိသားစုများအတွက် ဒေသဆိုင်ရာ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များမှ လှူဒါန်းသည့် ပစ္စည်းများအပြင်၊ အစိုးရဌာနများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများမှ လှူဒါန်းငွေ ပစ္စည်း တန်ဖိုး စုစုပေါင်းကျပ် (၁၄၀၇. ၈၇)သန်းကျော်ရှိပါသည်။ ကော်မရှင်မှ ၎င်းအဖွဲ့အစည်းများ၏ လှူဒါန်းကူညီမှုအား အသိအမှတ်ပြုပါသည်။ လှူဒါန်းမှုမပြုရသေးသည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းကြီးများမှလည်း ပါဝင်လှူဒါန်းသင့် ကြောင်း တိုက်တွန်းပါသည်။

(စ) အထက်ဖော်ပြပါ ရပ်ရွာစွန့်ခွာတိမ်းရှောင်လာသော ပြည်သူ (၁၄၀၀၀)ကျော်နှင့် လိုင်ဇာနှင့် တရုတ်-မြန်မာနယ်စပ် အနီးရှိ မိုင်ဂျန်ယန်ရွာတို့တွင်လည်း ရပ်ရွာစွန့်ခွာတိမ်းရှောင်သူများ မိမိတို့ရပ်ရွာ၊ အိုးအိမ်၊ လယ်ယာမြေစိုက်ခင်း များ၊ ကျွဲ၊ နွားတိရစ္ဆာန်များ၊ အခြားပိုင်ဆိုင်မှုများကို စွန့်ခွာခဲ့ကြရသည်ဖြစ်၍ ၎င်းတို့တွင် လူမှုရေး၊ စီးပွားရေး၊ စိတ်ဓာတ်ရေးရာ များစွာထိခိုက်ခံစားနေကြရမည်ဟု ယုံကြည်ပါသည်။ သို့ပါ၍ လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် ဒေသတွင်းလုံခြုံမှု ပြန်လည်ရရှိရေး ကြိုးပမ်းပေးကြပါရန် ကော်မရှင်အနေဖြင့် မေတ္တာရပ်ခံ တိုက်တွန်းပါသည်။

(ဆ) ကော်မရှင်အဖွဲ့ဝင်များသည် (၉-၁၂-၂၀၁၁)ရက်နေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားအကျဉ်းထောင်သို့ သွားရောက် ကြည့်ရှုလေ့လာခဲ့ကြပါသည်။ အကျဉ်းထောင်အတွင်းရှိ အဆောင်တိုင်းသို့သွားရောက်၍ အကျဉ်းသားများနှင့် တွေ့ဆုံခဲ့ကြပါသည်။ အကျဉ်းသားများ၏ ကျန်းမာရေး၊ စားသောက်ရေးနှင့် အကျဉ်းထောင်သန့်ရှင်းရေး အခြေအနေ များ ကောင်းမွန်သည်ဟုယူဆပါသည်။ နေ့စဉ် ရုပ်မြင်သံကြားကြည့်ရှုခွင့်ရရှိပြီး စာကြည့်တိုက်မှ စာပေဖတ်ရှုခွင့် ရရှိနေကြောင်း တွေ့ရှိရပါသည်။ တစ်ဖက်တွင်လည်း အကျဉ်းထောင်တွင် သတ်မှတ်ထားသော အကျဉ်းသား အရေအတွက်ထက် အကျဉ်းသားဦးရေ များပြားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ သို့ပါ၍ ယခုကိစ္စကို အတတ်နိုင်ဆုံး ဆောလျင်စွာ ဖြေရှင်းသင့်ပါကြောင်းနှင့် လက်ရှိဆောင်ရွက်နေသော ဘာသာရေးအစီအစဉ်အပြင် ဘာသာတိုင်း အတွက် ဘာသာရေးတရားဟောပွဲများ ပြုလုပ်ပေးသင့်ကြောင်း ကော်မရှင်မှ အကြံပြုအပ်ပါသည်။

(ဇ) ပြည်ထောင်စုအစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးရရှိရေးအတွက် နှစ်ဦးနှစ်ဖက်ကြိုးပမ်းခဲ့မှု များ၊ ကြိုးပမ်းနေဆဲလုပ်ငန်းများကိုလည်း သိရှိခွင့်ရရှိခဲ့ပါသည်။ လက်နက်ကိုင်တိုက်ခိုက်မှုများရပ်တန့်၍ ပဋိပက္ခများ ချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရန်အတွက် ဆက်လက်တွေ့ဆုံဆွေးနွေးခြင်းကို အောင်မြင်စွာ ဖော်ဆောင်ပါရန် ကော်မရှင်က အလေးအနက်ထား အကြံပြုတိုက်တွန်းအပ်ပါသည်။ လတ်တလောကြားသိရသော သတင်းများအရ နိုင်ငံတော်သမ္မတမှ တပ်မတော်အား ကချင်ပြည်နယ်တွင်ရှိသော မိမိတပ်များအနေဖြင့် ခုခံကာကွယ် ရုံမှအပ ပစ်ခတ်တိုက်ခိုက်ခြင်း၊ KIA တပ်စခန်းများအား ချီတက် ထိုးစစ်ဆင်တိုက်ခိုက်ခြင်းများမပြုလုပ်ရန် ညွှန်ကြားကြောင်း သိရှိရပါသဖြင့် ကော်မရှင်မှ လှိုက်လှဲစွာထောက်ခံကြိုဆိုအပ်ပါသည်။ တစ်ဖက်လက်နက်ကိုင် အဖွဲ့အစည်းမှလည်း အလားတူ လိုက်နာဆောင်ရွက်ရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ (၁၃)ရက်**

## မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း



### ကမ္ဘာ့အသေးငယ်ဆုံး ဖားမျိုးစိတ်တွေ့ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၁၃**

အမေရိကန်နိုင်ငံ နယူးဂိုင်နီယာအရှေ့တောင်ပိုင်းတွင် ကမ္ဘာပေါ်၌ အသေးငယ်ဆုံးဖားလေးများကို တွေ့ရှိခဲ့ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာသုတေသနပြုမှုတစ်ရပ်ကို ဒီဇင်ဘာ ၁၂ ရက်က ဖူးကီးစ်ဂျာနယ်၌ ဖော်ပြထားသည်။ **(အပေါ်ပုံ)**

အဆိုပါ ဖားလေးများကို ဟာဝိုင်ယီပြည်နယ် ဟိုနိုလူလူမြို့ရှိ ဘစ်ရှော့ပြတိုက်မှ သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ ယင်းဖားလေးများအားလုံးသည် ဖားမျိုးစိတ်သစ်နှစ်မျိုးအဖြစ်တွေ့ရပြီး မျိုးစိတ်တစ်မျိုး၏ ဖားတစ်ကောင်အရှည်မှာ ၈ မီလီမီတာနှင့် အခြားမျိုးစိတ်တစ်မျိုး၏ အရှည်မှာ ၉ မီလီမီတာခန့်သာရှိကြသည်။ ၂၀၀၂ ခုနှစ်က နယူးဂိုင်နီယာအရပ်အနီးတွင် အမေရိကန်သုတေသနပညာရှင်များ ရှာဖွေတွေ့ရှိခဲ့သည့် အသေးငယ်ဆုံးဖားလေးများ၏အရှည်မှာ ၁၀ မီလီမီတာနှင့် ၁၁ မီလီမီတာခန့်ရှိရာ ယခုတွေ့ရှိရသည့် ဖားမျိုးစိတ်၏အရွယ်အစားမှာ ယင်းတို့ထက်ပိုမိုသေးငယ်သည်။

နယူးဂိုင်နီယာအရှေ့တောင်ပိုင်းတောင်တန်းများ၌ ကျက်စားလျက်ရှိသည့် ဖားမျိုးစိတ်လေးမျိုးခန့်ရှိရာ ခန္ဓာကိုယ်အရွယ်အစားအလွန်သေးငယ်သော ဖားမျိုးစိတ်များဖြစ်ပြီး ယခုဖားမျိုးစိတ်၏ ခန္ဓာကိုယ်အရွယ်အစားမှာ သေးငယ်သော သစ်ရွက်တစ်ရွက်၏အရွယ် သို့မဟုတ် သေးငယ်သောရေညှိလေးများသဖွယ် တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

**မော်စကို ဒီဇင်ဘာ ၁၃**

ရုရှားနိုင်ငံ မြို့တော်မော်စကိုနှင့်ပြင်သစ်နိုင်ငံ ပါရီမြို့သို့ တိုက်ရိုက် မောင်းနှင်ပြေးဆွဲမည့် ခရီးစဉ်စတင်မှုအဖြစ် ဒီဇင်ဘာ ၁၂ ရက်က မော်စကိုမြို့မှ ရထားစတင်ထွက်ခွာခဲ့ကြောင်း ရုရှားအရာရှိများက ဒီဇင်ဘာ ၁၃ ရက်၌ ပြောကြားသည်။

အဆိုပါရထားသည် မော်စကိုမြို့ ဘီလိုရက်စကီ ဘူတာရုံမှ ဒီဇင်ဘာ ၁၂ ရက် နံနက်က စတင်မောင်းနှင်ခဲ့ရာ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ဂါရီဒီအစ်ဘူတာရုံသို့ ဒီဇင်ဘာ ၁၃ ရက် နံနက်၌ ဆိုက်ရောက်လာခဲ့သည်။ **(ယာပုံ)**

ယင်းရထားသည် မော်စကိုမြို့မှ ပါရီမြို့အထိ ၃၈ နာရီကြာ တိုက်ရိုက်မောင်းနှင်ခဲ့ခြင်းဖြစ်သည်။ ရထားတွဲများ၌ သက်သောင့်သက်သာရှိသော အိပ်၍ရသည့်ထိုင်ခုံများပါရှိပြီး ၎င်းခရီးစဉ်အတွက် ရထားတွဲအဆင့်အတန်းအလိုက် ယူရို ၄၂၀ မှ ယူရို ၁၀၅၀ အထိ ရထားခသတ်မှတ်ထားသည်။

ရထားပြေးဆွဲမှုအနေဖြင့် ၂၀၁၂ ခုနှစ် မေ ၂၇ ရက် မတိုင်မီအထိ သီတင်းတစ်ပတ်လျှင် သုံးကြိမ်ပြေးဆွဲမည်ဖြစ်ပြီး ယင်းနောက်ပိုင်းတွင်မူ သီတင်းတစ်ပတ်လျှင် ငါးကြိမ်အထိ မောင်းနှင်ပြေးဆွဲပေးရန် စီစဉ်ထားသည်။ **(အင်တာနက်)**

**မိုးမြင့်လင်းလက် – စုစည်းသည်**

### ရုရှားမှ ပြင်သစ်နိုင်ငံသို့ တိုက်ရိုက်ရထားပြေးဆွဲ



### နော်ဝေနိုင်ငံ အော်စလိုလေဆိပ်၌ ခရီးသည်များသောင်တင်



**အော်စလို ဒီဇင်ဘာ ၁၃**

နော်ဝေနိုင်ငံ အော်စလိုမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းနေသဖြင့် ဒီဇင်ဘာ ၁၃ ရက် နံနက်က အော်စလိုလေဆိပ်ကို ပိတ်ထားလိုက်ရာ ခရီးသည် ၃၀၀၀၀ ခန့် သောင်တင်လျက်ရှိကြောင်း အော်စလိုလေဆိပ်အရာရှိများက ပြောကြားသည်။ **(ဝဲပုံ)**

လေယာဉ်ပြေးလမ်းများနှင့် လေဆိပ်ဧရိယာအတွင်း ဆီးနှင်းများဆိုးရွားစွာ ကျဆင်းနေမှုကြောင့် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရပြီး အချို့ခရီးစဉ်များတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ခဲ့သည်။ ရာသီဥတုဆိုးရွားနေမှုကြောင့် လေယာဉ်များ အတက်အဆင်းပြုလုပ်၍ မရကြောင်း၊ ယင်းမှာ ဒီဇင်ဘာ ၁၂ ရက် ညကတည်းက ဖြစ်ပွားနေခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

**စောင့်ဆိုင်းနေဆဲ**

အချို့လေယာဉ်ခရီးစဉ်များကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီခန့်က ပြန်လည်ဖွင့်လှစ်ပေးခဲ့သော်လည်း လေယာဉ်ခရီးစဉ်အချို့မှာ ရွှေ့ဆိုင်းထားရဆဲဖြစ်ရာ လေယာဉ်ခရီးစဉ်ပေါင်း ၂၀ ကျော်မှ ခရီးသည်များ စောင့်ဆိုင်းနေရဆဲဖြစ်ကြောင်း လေဆိပ်အရာရှိများက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**